ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-6-2010) (၆၄၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တက်ရောက်အားပေးပြီး သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် နည်းပညာတက္ကသိုလ်(မှော်ဘီ) ကျောင်းဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ မှော်ဘီတပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ/စစ်သည်နှင့် မိသားစုများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ကိုယ်စားပြုတက်ရောက်လာသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင် စိုက်ပျိုးခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ပျိုးပင်များကို ပေးအပ်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်နေ

တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေး လိုအပ်လျက်ရှိ

နေပြည်တော် ဇွန် ၂၉

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ကြေးမုံ The Mirror
၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယင်းချောင်းတံတားသစ် ဖွင့်လှစ် ဒေသထွက်ကုန် ပို့ဆောင်ရောင်းဝယ်မှုတိုးတက်

မကွေးတိုင်းအတွင်း စိုက်ပျိုးနိုင်သော မြေများ ကျယ်ပြန့်စွာရှိသည်။ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် သီးနှံစုံထွက်ကုန်များပြားသည်။ ယခင်ကာလများက လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ကူးသန်းဆက်သွယ် တင်ပို့ရောင်းဝယ်မှုများ၊ နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ကြရသည်။

ယနေ့ကာလတွင် မကွေးတိုင်းအတွင်း ဧရာဝတီမြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီးငယ်များစွာကို တည်ဆောက်ပေးထားပြီ။ ရထားလမ်းသစ်ကွန်ရက်များလည်း တိုးချဲ့ဖောက်လုပ်ပေးနေပြီ။ ရိုးမဖြတ်ကျော်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း အင်တိုက်အားတိုက် ဖောက်လုပ်လျက်ရှိသည်။ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား ရိုးမဖြတ်ကျော်လမ်းသည် မြေသားလမ်းအဆင့် ပြီးစီးလျက်ရှိရာ ခရီးသွားလာကုန်စည်ပို့ဆောင်မှု အကျိုးပြုနေပြီဖြစ်သည်။

မကွေးတိုင်း နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် ယင်းချောင်းတံတားကို ဇွန် ၂၇ ရက်က ဖွင့်လှစ်လိုက်သည်။ ယင်းချောင်းတံတားသည် မိုင် ၄၀၀ ရှည် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)၏ အစိတ်အပိုင်းတစ်ခုဖြစ်ရာ ရန်ကုန်၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့ ဆက်သွယ်သွားလာရာတွင် များစွာအရေးပါသည်ကို တွေ့ရသည်။

ထို့အပြင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြားလမ်းနှင့်လည်း ဆက်စပ်တည်ရှိနေသဖြင့် နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မြို့သစ်-တောင်တွင်းကြီး-ပြည်မှသည် ရန်ကုန်အထိ ခရီးပေါက်သွားလာနိုင်ကြပြီ။ မြို့သစ်-နေပြည်တော်အထိ ရာသီမရွေး၊ အချိန်အခါမရွေး ဆက်သွယ်သွားရောက်နိုင်ကြမည် ဖြစ်သည်။

ယင်းချောင်းတံတားသည် နတ်မောက်မြို့နယ်တွင် တည်ရှိပြီး အရှည်ပေ ၃၂၀ ရှိသည်။ အပေါ်ထည်ဘေလီနှင့် တံတားအောက်ထည် သစ်မာပိုင်တိုင်တို့ဖြင့် တည်ဆောက်ထားသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် အစင်း ၂၄၀ မြောက် တံတားဖြစ်ပြီး မကွေးတိုင်းအတွင်း အစင်း ၂၀ မြောက် ဖွင့်လှစ်ပေးနိုင်သည့် တံတားဖြစ်သည်။

ယင်းချောင်းတံတား တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် မိုးရာသီရေများချိန်တွင် မော်တော်ယာဉ်များဖြတ်သန်းမောင်းနှင်ရန် စောင့်ဆိုင်းရသည့် အတားအဆီးများကို ကျော်ဖြတ်နိုင်ကြပြီ။ ဒေသထွက်ကုန် မြေပဲ၊ နှမ်း၊ ဆန်စပါး၊ ကောက်ပဲသီးနှံများကို ပြည်နယ်နှင့်တိုင်း အသီးသီးသို့ လွယ်ကူမြန်ဆန်စွာ ပို့ဆောင်နိုင်ကြပေပြီ။ လမ်းတံတားသစ်များ တိုးတက်ပေါ်ထွက်လာမှုနှင့်အတူ ဆက်သွယ်သွားလာ ကုန်သွယ်မှုများ တိုးတက်မြန်ဆန်လာလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ဝေစည်လာနေပြီ ဖြစ်ပါသည်။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးအား ဩစတြေးလျ ဓနသဟာယနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးအား ဩစတြေးလျ ဓနသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးလက်ထောက်ဝန်ကြီး Mr. Hugh Borrowman နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး Ms. Michelle Su-Wen Chan တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးအား ဩစတြေးလျ ဓနသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး လက်ထောက်ဝန်ကြီး Mr. Hugh Borrowman နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကွန်ကရစ်လမ်းခင်းနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ခိုင်ရွှေဝါ(ဗဟို)လမ်း နှင့် အမှတ်(၁)ရပ်ကွက် ပတ္တမြားလမ်းသို့ ရောက်ရှိလာပြီး ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ကွန်ကရစ်လမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်သည် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း မြောက်ရပ်ကွက်ရှိ ဦးရွှေမှန်လမ်း၏ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းကြီးအား စက်ယန္တရားဖြင့် တိုးချဲ့ဖောက်လုပ်နေမှု၊ ဦးရွှေမှန်လမ်း ဖြတ်လမ်းနှင့် ရန်ပြေလမ်းများ အဆင့်မြှင့်ဆောင်ရွက်နေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က သီရိမင်္ဂလာဈေးသစ် ဆောက်လုပ်နေသည့် လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းသို့ ရောက်ရှိလာရာ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ သီရိမင်္ဂလာဈေးသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက ဈေးရုံ ကိုးရုံ၊ ဆိုင်ခန်း ၂၀၉၃ ခန်း၊ ကားရပ်နားရန် နေရာများ၊ စားသောက်ဆိုင်၊ ရေလှောင်ကန်နှင့် ရေစင်များပါ ပူးတွဲ တည်ဆောက်သွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒလမြို့နယ်သို့ ရောက်ရှိလာပြီး ဒလဆိပ်ကမ်းမှ မြို့နယ်ကျက်သရေဆောင် နာရီစင်အထိ ပေ ၇၀၀၀ ရှည် ဒလ-တွံတေးလမ်းအား မူလလမ်းသားပေါ်တွင် ကျောက်ချော ကတ္တရာခင်းကျင်းရန်နှင့် လမ်းသား ဝဲ၊ ယာ တစ်ဖက်စီတွင် အနှေးယာဉ်နှင့် လူသွားကွန်ကရစ်လမ်း ခြောက်ပေစီ ခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဗညားဒလရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(၁၉)

ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေး ကျိုင်းတုံမြို့၌ ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဇွန် ၉ ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးကြသည်။**(အောက်ပုံ)**

(ကညန၊ ကျိုင်းတုံ)

ဥတုရာသီ တောကိုမှီ၏

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၂၅)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၂၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာဟာသ ပဒေသာ-စင်ပေါ်က တက်ခက်ခံ (မိုးခန့်၊ ဇော်၊ သာခု၊ ဗေဒါ၊ စိုပြေ၊ မိုးပွင့်၊ မိုးဖြူ၊ ရီရီပွင့်ဖြူ၊ ထက်ထက်) [ဒါရိုက်တာ - မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၁)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

○ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မော်ဘီတပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ/စစ်သည် မိသားစုများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ တက်ရောက်လာကြသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ကံ့ကော်၊ ခရေ၊ ပိတောက်၊ မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုးနှင့် မဲဇလီပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး လားရှိုးခရိုင် လားရှိုးမြို့နယ်နှင့် သိန်းနီမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်နှင့် သိန်းနီမြို့နယ်ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်ကိုကိုက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လားရှိုးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက လားရှိုးခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ သိလိုသောအချက်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် သိန်းနီမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။
(ပြည်နယ် ပြန်/ဆက်)

ပျော်ဘွယ်-ရွာမွန်-နတ်မောက်လမ်းနှင့် မိတ္ထီလာ-တောင်ကြီးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် နတ်မောက်မြို့မှ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းအတိုင်း ထွက်ခွာပြီး မိုင်တိုင်အမှတ် (၄၆/၆)နှင့် (၄၇/၀) အကြား ကျားထူးချောင်းကို ဖြတ်ကျော်တည်ဆောက်မည့် တံတားလျာထားနေရာနှင့် မြေစမ်းသပ်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၁၃/၄)နှင့် (၁၃/၅)အကြား၌ မိတ္ထီလာခရိုင်တွင် ကျောက်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပျော်ဘွယ်-ဘုရားငါးဆူလမ်းမှတစ်ဆင့် မိတ္ထီလာ-တောင်ကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ - နန့်ပန်တက်အပိုင်း၌ လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ယင်းမာပင်ရှင်းလင်းဆောင်၌ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာများက နန့်ပန်တက်-တောင်ကြီးလမ်းအပိုင်းနှင့် မိတ္ထီလာ-နန့်ပန်တက်လမ်းအပိုင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ - တောင်ကြီး လမ်းပေါ်ရှိ ပြည်ညောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာက တံတားဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားဘိုးပိုင် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး နေ့ညမပြတ် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗဟိုဈေးကြီးအတွင်း မီးဘေးကာကွယ်တားဆီးရေးအတွက် လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှု၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေငုတ်များနှင့် မီးသတ်ရေလှောင်ကန်များ စနစ်တကျ ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ဇွန် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၉

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၅) တွင် Political Times အထူးအချပ်ပို အပါအဝင် "ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် နိုင်ငံရေးကာတွန်းများ၏ အခန်းကဏ္ဍ" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝဝဝဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း ရေးသားသည့် "နိုင်ငံရေးဦးနှောက်နှင့် ပုံပြင်အညွှန်းဆယ်ချက်"၊ ဆရာဇွဲသန်းသျှင်း (သုံးဆယ်) ရေးသားသည့် "ကာတွန်းဦးဘကလေး၏ ရွေးကောက်ပွဲကာတွန်းများ"၊ ဆရာနောင်ဦး ရေးသားသည့် "နိုင်ငံရေးပါတီများနှင့် မဲဆွယ်စည်းရုံးလှုပ်ရှားရေး" စသည့် နိုင်ငံရေး သုံးသပ်ဆောင်းပါးများ၊ ကမ်းနားလမ်းအဆင့်မြှင့်ခြင်းနှင့် ပုဂ္ဂလိကဘဏ်ကြီးများ ဖွင့်လှစ်မည့်အစီအစဉ်ကြောင့် မြို့တွင်းခြောက်မြို့နယ်တွင် အိမ်ခြံမြေဈေးများ ကျပ်သိန်း ၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လာ၊ အွန်လိုင်းမှ အခွန်ထမ်းဆောင်နိုင်တော့မည်၊ နိုင်ငံတကာပုံစံနှင့် အဆင့်မီကားသစ်များ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထပ်မံထုတ်လုပ်၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစနစ်များ အမှတ်(၂) စက်မှုဝန်ကြီးဌာနက အနည်းဆုံး ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် ရောင်းမည်၊ ဂင်းနက်စ်ဘွဲ့ယူမယ့် မြန်မာပြည်က အပုဆုံးလူသားလေး အကြောင်း၊ ဘော်ဒါဆောင်များ သတိထားဖွယ်ရာအကြောင်း၊ ဗီယက်နမ်ခရီးသွားများ မြန်မာနိုင်ငံသို့ ခြေဦးလှည့်၊ "ကြွက်ရှိရင် ပလိပ်ရှိမယ်" ကျန်းမာရေး သတင်းဆောင်းပါး၊ i phone ဟန်းဆက်ဝယ်မယ်ဆို သတိထား၊ "လိပ်ပြာတွေ ရစ်ဝဲနေသည့် စိမ်းလန်းမြေ" ကိုရီးယားခရီးသွား ဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ရွေးချယ်မှု" အကြောင်း Yangon Forum ကဏ္ဍ၊ "အခုချိန်မှာ အရေးအကြီးဆုံးက မက်လောက်စရာပါပဲ" ဝိုင်းစုခိုင်သိန်းနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ရွှေကို ဝယ်ယူစုဆောင်းခြင်းဖြင့် ဘေးကင်းလုံခြုံမှုရှိစေနိုင်၊ စင်ကာပူတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများ သန့်ရှင်းရေးလုပ်ရမည်၊ အိမ်မွေးတိရစ္ဆာန်များကို ဆေးဆိုးပေးခြင်း တရုတ်တွင် ခေတ်စား၊ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် စိန်ခေါ်မှုများနှင့် အိုဘားမားရင်ဆိုင်ရဖွယ်ရှိ၊ ညဘက် မကြာခဏ ဆီးသွားသူများ အသက်အန္တရာယ်ရှိ၊ သမ္မတသစ်လူပျိုကြီး အကွီနို အိမ်ထောင်ပြုတော့လေမလား ပြည်သူများ စိတ်ဝင်စား၊ တောရိုင်းတိရစ္ဆာန်အသားများ ဥရောပလေဆိပ်တွင် အပတ်စဉ်ခိုးသွင်းနေ၊ ချူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် အင်ဒိုနီးရှားအစီအစဉ်မရှိဟုဆို၊ "ကျောင်းသားငယ်ကို ဆရာမက နှိပ်စက်ညှဉ်းပန်းသည့်အမှု တက္ကဆက်ပြည်နယ်တွင် ဖြစ်ပွား" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

သစ်တောတက္ကသိုလ်(ရေဆင်း)၏ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သစ်တောပညာဘွဲ့ရ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်(ဝါဆိုလပြည့်နေ့)တွင် သစ်တောတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် အဆိုပါကျောင်းဆင်းနှစ်များမှ ကျောင်းသားဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက Dr. ဆန်းဦး ဖုန်း-၀၉-၄၉၂၀၆၁၇၁၊ ဦးခိုင်ညွန့် ဖုန်း-၀၆၇-၄၀၅၃၉၈၊ ဦးကျော်ငွေ ဖုန်း-၀၉-၈၆၂၄၄၅၇၊ ဦးဆန်းဝင်း ဖုန်း-၀၆၇-၄၀၅၃၉၈၊ ဦးကျော်ထိုက် ဖုန်း-၀၉-၈၃၀၂၉၄၄၊ ဦးငွေသီ ဖုန်း-၀၆၇-၄၀၅၀၁၆၊ ဦးခင်မောင်လှိုင် ဖုန်း-၀၆၇-၄၀၅၀၁၈ တို့သို့ ဇူလိုင် ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ရန် ကျင်းပရေးကော်မတီအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံရိပ်သာ ဂန္ဓမာလမ်းနေ ဗိုလ်ချုပ်ထွန်းတင်(ငြိမ်း) (၈)နှစ်မြောက် အထိမ်းအမှတ်အလှူအဖြစ် ဇနီး ဒေါ်ကြည်ကြည်မိသားစုက ဘိုးဘွားများအတွက်အသုံးပြုရန် ရေသန့်စက်နှင့် တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်ဆယ့်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ စည်းဝေး

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေး(၂/၂၀၁၀) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ အဆိုပါအသင်းရုံး၌ ကျင်းပရာ သဘာပတိ ဗဟိုအသင်းဥက္ကဋ္ဌ ဆရာကြီးဦးမောင်ညဏ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်က အမှာစကားပြောကြားသည်။**(ယာပုံ)**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်း အသီးသီးမှ အလုပ်အမှုဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဆက်လက်အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုဆုံးဖြတ်ကြသည်။

ထို့နောက် ဗဟိုအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတုပစ္စည်းတင်သင်္ဘောတစ်စင်း ဆိုမာလီပင်လယ်ဓားပြတို့ပြန်ပေးဆွဲ

နိုင်ရိုဘီ ဇွန် ၂၉

ဆိုမာလီနိုင်ငံ မြောက်ဘက်ကမ်းလွန်ရေပြင်တွင် အဆိပ်သင့်စေတတ်သည့် ဓာတုပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောတစ်စင်းနှင့် တရုတ်နိုင်ငံသား သင်္ဘောသား ၁၉ ဦးတို့ကို ပင်လယ်ဓားပြများက တနင်္လာနေ့တွင် ပြန်ပေးဆွဲခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပင်လယ်ဓားပြတားဆီးနှိမ်နင်းရေး နိုင်ငံတကာရေတပ်က ကင်းလှည့်နေသော အေဒင်ပင်လယ်ကွေ့အတွင်း၌ စင်ကာပူ အလံလွှင့်ထားသော "ဂိုးလ်ဒင်းဘလက်ဆင်း" သင်္ဘောကို ပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြောင်း ဥရောပသမဂ္ဂ ပင်လယ်ဓားပြရန် ကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

သင်္ဘောသား ၁၉ ဦးမှာ အန္တရာယ်ကင်းရှင်းကြောင်း ၎င်းကပြောသည်။ ဓာတုဗေဒပစ္စည်းများ သယ်ဆောင်လာသည့် တန်ချိန် ၁၄၄၄၅တန်ရှိ အဆိုပါသင်္ဘောကို ဆိုမာလီနိုင်ငံ မြောက်ပိုင်း ကမ်းရိုးတန်းဒေသမှ မိုင် ၆၀ခန့်အကွာ ရေပြင်တွင် ပင်လယ်ဓားပြတို့က ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ကလင်းဘောလ်က ပြောသည်။

ယင်းသင်္ဘောကို ပင်လယ်ဓားပြများက ဆိုမာလီကမ်းခြေသို့ ခေါ်ဆောင်သွားသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ဇွန် ၂၉ ရက်က ဖြစ်ပွားခဲ့သော ရထားလမ်းချော်တိမ်းမှောက်မှုကို တွေ့ရစဉ်။
(ယင်းမတော်တဆမှုကြောင့် လူရှစ်ဦးသေဆုံး၍ ၂၀ ဒဏ်ရာရရှိခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

ဗဟိုအမေရိက၌ အဲလက်စ် အပူပိုင်းမုန်တိုင်း တိုက်ခတ် လူ ၁၀ ဦးထက်မနည်းသေဆုံး

မာနာဂွါ ဇွန် ၂၉

ဗဟို အမေရိကနိုင်ငံများတွင် အတ္တလန္တိတ်ဟာရီကိန်းမုန်တိုင်း ရာသီ၏ ပထမဆုံးမုန်တိုင်းအဖြစ် 'အဲလက်စ်' အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၁၀ ဦးထက် မနည်းသေဆုံးကြောင်း တနင်္လာနေ့သတင်းများက ဖော်ပြသည်။

'အဲလက်စ်'မုန်တိုင်းသည် ဇွန် ၂၉ ရက်က မက္ကဆီကိုပင်လယ်ကွေ့ကို ဝင်ရောက်လာသဖြင့် အယ်လ်ဆာဗေဒိုးနိုင်ငံ မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူ ရာပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။အယ်လ်ဆာဗေဒိုးနိုင်ငံ၌ လူရှစ်ဦး ရေနစ်သေဆုံးခဲ့ပြီး လူပေါင်း ၅၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဂွါတီမာလာနိုင်ငံအနောက်ပိုင်းတွင် အဲလက်စ်မုန်တိုင်းကြောင့် မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုကြောင့် လယ်သမားနှစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

'အဲလက်စ်' ဟာရီကိန်းမုန်တိုင်းသည် ဆက်လက်အားကောင်းမည်ဟု ခန့်မှန်းထားကြောင်း အမေရိကန် ဟာရီကိန်းတိုင်းတာရေးစခန်းက အင်္ဂါနေ့တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဆာဗေဒိုးနိုင်ငံတွင် အပူပိုင်းမုန်တိုင်းအဲလက်စ် တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်း၍ မြစ်ရေကြီးခဲ့ရာ လမ်းများ ပျက်စီးနေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများကြီးထွားလာခြင်းမှာ နိုင်ငံခြားတပ်များ ကျူးကျော်ခြင်းကြောင့်ဟု အာဖဂန်သမ္မတပြောကြား

ကဘူး ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံတွင် အုပ်စုဖွဲ့ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများ တရိပ်ရိပ် ကြီးမားလာရခြင်း၏ အခြေခံအကြောင်းရင်းမှာ အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက တနင်္ဂနွေနေ့တွင် အရိပ်အမြွက်ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ မူးယစ်ဆေးဝါးထုတ်လုပ်မှု မကြုံစဖူးကြီးထွားလာခြင်းသည် ယင်းနိုင်ငံအတွင်းသို့ လက်နက်ကိုင်တပ်ဖွဲ့များ စေလွှတ်ထားသည့် ပြည်ပနိုင်ငံများတွင် အများဆုံးတာဝန်ရှိသည်ဟု နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တွင် သမ္မတက အလေးအနက်ပြောကြားသည်။

သတင်းများထွက်ပေါ်

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သည် ၎င်းတို့ထိန်းချုပ်ထားသော ဒေသများအတွင်းရှိ ဘိန်းစိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းများအပေါ် အခွန်ကောက်ခံလျက်ရှိသည်ဆိုသော သတင်းများ အာဖဂန်အစိုးရအသိုင်းအဝိုင်းမှ ထွက်ပေါ်လျက်ရှိသည်။ မူးယစ်ဆေးဝါးအများစုကို အမေရိကန်၊ ဗြိတိသျှ၊ ကနေဒါတပ်ဖွဲ့တို့ ထိန်းချုပ်ထားသော ပြည်နယ်များ၌ သိုလှောင်ထားကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြသည်။

တာလီဘန်တို့သည် ၎င်းတို့အတွက် ရန်ပုံငွေကို ဘိန်းစိုက်ပျိုးခြင်းမှ အဓိကရရှိသည်ဟုဆိုသော်ငြားလည်း အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် မှန်မှန်ကြီးထွားလာလျက်ရှိကြောင်း သတင်းများပျံ့နှံ့လျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် နှစ်ဆနီးပါး တိုးလာသည်။

အာဖဂန်နစ္စတန်သည် တစ်နှစ်လျှင် ဘိန်းတန်ချိန် ၇၀၀၀ထုတ်လုပ်၍ ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးထားကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တူရကီလေကြောင်းပိုင်နက် အစ္စရေးစစ်ဘက်လေယာဉ်များ ပျံသန်းခွင့်မပြု

အစ္စတန်ဘူ ဇွန် ၂၉

ဂါဇာဒေသထောက်ပံ့ရေးသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့၍ သွေးထွက်သံယိုမှု ဖြစ်ပေါ်ပြီးနောက် တူရကီနိုင်ငံက ၎င်း၏ လေကြောင်းပိုင်နက်အတွင်း အစ္စရေး စစ်လေယာဉ်များဖြတ်သန်းအသုံးပြုခွင့်ကို ပိတ်ပင်လိုက်ကြောင်း၊ အရပ်ဘက် လေယာဉ်များကိုမူ ဆက်လက်ခွင့်ပြုကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင်ပြောကြားသည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပလျက်ရှိသော စက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဂျီ-၂၀ ဆွေးနွေးပွဲ၌ အဆိုပါ လေကြောင်းပျံသန်းမှုပိတ်ပင်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို တူရကီဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပိုလန်နိုင်ငံရှိ အော့စ်ဝစ်ဇ်နာဇီအကျဉ်းစခန်းအမှတ်တရနေရာသို့ အစ္စရေးစစ်ဘက်အရာရှိများအား ပို့ဆောင်မည့် လေယာဉ်တစ်စင်းအား တူရကီအာဏာပိုင်များက ၎င်းတို့လေကြောင်းပိုင်နက်ကို ဖြတ်သန်းခွင့်မပြုခဲ့ကြောင်း အစ္စရေးသတင်းစာတစ်စောင်က အင်္ဂါနေ့တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နှင့် ဆွေးနွေးမှုမပြုလိုကြောင်း ဟစ်ဇ်ဘိုလာပြောကြား

ဘေရွတ် ဇွန် ၂၉

အစ္စရေးနိုင်ငံဘက်သို့ အလေးတင်းထားသော အရှေ့အလယ်ပိုင်းဒေသဆိုင်ရာမူဝါဒကို အမေရိကန်ပြည်ထောင်စုက အပြောင်းအလဲများလုပ်ခဲ့သည့်တိုင် ဟစ်ဇ်ဘိုလာအဖွဲ့သည် အမေရိကန်နှင့် ဆွေးနွေးမှုများ မပြုလုပ်လိုကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ လက်ထောက်အကြီးအကဲက ပြောကြားခဲ့သည်ဟု တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် အချိန်ကြာမြင့်စွာ စွဲကိုင်ထားခဲ့သော အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ မူဝါဒများကို အပြောင်းအလဲပြုလုပ်၍ အီရန်ကျောထောက်နောက်ခံ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ စတင်သင့်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်းရိုင်းခရော့ခ်ကာက ကွန်ဂရက်လွှတ်တော်၌ ပြောကြားခဲ့ခြင်းကို ဟစ်ဇ်ဘိုလာအုပ်စု လက်ထောက်အကြီးအကဲက ယင်းသို့ ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် စစ်ပွဲဖြစ်ရန် မမျှော်လင့်ထားသော်လည်း ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် စစ်ဖြစ်လာပါက အဆင်သင့်ဖြစ်စေရန် ပြင်ဆင်နေကြောင်း ဟစ်ဇ်ဘိုလာလက်ထောက်အကြီးအကဲက ပြောကြားသည်။

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်း ရိုင်းခရော့ခ်ကာသည် အကြမ်းဖက်အဖွဲ့အစည်းဟု သတ်မှတ်ထားခြင်းခံရသော ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်ပါက အမေရိကန်နိုင်ငံအတွက် အကျိုးမယုတ်စေနိုင်ကြောင်း အောက်လွှတ်တော်၌ ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

အမေရိကန်လွှတ်တော်အမတ်များ အဝန်းအဝိုင်းအတွင်း ရုရှားသူလျှိုများ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ဟုဆို

မော်စကို ဇွန် ၂၉

အမေရိကန်ပြည်ထောင်စုအတွင်း နေထိုင်ကာ ဇနီးမောင်နှံအဖြစ် ဟန်ဆောင်၍ သူလျှိုလုပ်ငန်းများ လုပ်ဆောင်နေသူ ရုရှားသူလျှိုစုံတွဲပေါင်း ၅၀ မျှရှိကြောင်း ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၏ ဒုတိယအကြီးအကဲဟောင်းက ပြောကြားခဲ့သည်ဟု အင်္ဂါနေ့ သတင်းများတွင် ဖော်ပြသည်။

ကေဂျီဘီဒုတိယအကြီးအကဲဟောင်း အိုလက်စ်ဂေါ်ဒီယက်ဗ်စကီးသည် နှစ်ဖက်ချွန်သူလျှိုတစ်ဦးဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် ရုရှားနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့သူတစ်ဦးဖြစ်သည်။

အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရိုသည် နှစ်ပေါင်းများစွာ ခြေရာခံထောက်လှမ်းပြီးနောက် ရုရှားသူလျှိုများဟု ယူဆရသူ ၁၁ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းရုရှားသူလျှိုများသည် အမေရိကန်နိုင်ငံသားများအဖြစ် ခံယူ၍ လွှတ်တော်အမတ်များအသိုင်းအဝိုင်းအထိ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယခင်ရုရှားထောက်လှမ်းရေးအဖွဲ့ ကေဂျီဘီ၏ သူလျှိုကလာပ်စည်းတစ်ခု ကို ကိုးနှစ်ကြာမျှ ကြီးကြပ်ခဲ့သူ ဂေါ်ဒီယက်ဗ်စကီး၏ အဆိုအရ မြှုပ်နှံထားသော ရုရှားသူလျှိုစုံတွဲများသည် အရေအတွက်အားဖြင့် ၄၀ မှ ၅၀ အထိရှိနိုင်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများ၌ ထားရှိသော ရုရှားသူလျှိုစာရင်း အတိအကျကိုမူ ရုရှားသမ္မတ မက်ဗီဒက်ဗ် သိရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် အဆိုပါ သတင်းများသည် အခြေအမြစ်မရှိ စွပ်စွဲပြောကြားခြင်းသာဖြစ်ကြောင်း ရုရှားနိုင်ငံက ငြင်းဆန်ခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဘိုင်ဂျီမြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော ရဲတပ်ဖွဲ့ယာဉ်တစ်စီးကို ဇွန် ၂၉ ရက်က တွေ့ရစဉ်။
(ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံး၍ ၁၈ ဦးဒဏ်ရာရခဲ့သည်။)
(ဓာတ်ပုံ-အင်တာနက်)

နေပြည်တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အမြဲတမ်းစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် လမ်းဘေးဝဲ၊ ယာ စိမ်းလန်းစိုပြည်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လမ်းဘေးဝဲ၊ ယာ၌ ရတနာတန်းဝင် အမြဲစိမ်းသစ်ပင်ကြီးများစိုက်ပျိုးရေးနှင့် ကွက်လပ်ဖြည့် တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်းအတွင်းရှိ ၂၀၁၀ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ရောက်ရှိလာရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စိုက်ခင်းစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် အမြဲတမ်းစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် လမ်းဘေးဝဲ၊ ယာ စိမ်းလန်းစိုပြည်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် မြို့နယ်ခုနစ်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကိုလေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးလွင်ကို၊ မန္တလေးတိုင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၅)၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း အင်အား ၃၀၀ ကျော် တက်ရောက်ကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်မျိုးစုံတို့ကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ စိန်ပန်း၊ မယ်ဇယ်၊ သပြေ၊ သဘော်တယ်၊ ပုန်းညက်၊ ကံ့ကော်၊ တမာနှင့် ငုရွှေဝါ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဖခင် ဦးချစ်လှိုင်-မိခင် ဒေါ်အေးမြင့် (၂)နှစ်ပြည့်အား ရည်စူး၍ အမှတ်(၅) သာခုလမ်း ကြည့်မြင်တိုင်မြို့နယ်နေ သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(သံဃာ့ဆေးရုံ)

မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံဝင်းအတွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအခွန်ဦးစီးဌာန အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

တောင်ငူ ဇွန် ၂၉

ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်း အခွန်ဦးစီးဌာနမှ ကြီးမှူး၍ စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၁၀)ဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ ခရိုင်ဦးစီးဌာနရုံးခန်းမဆောင်၌ ဇွန် ၁၄ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားမှူးအဖြစ် တောင်ငူမြို့နယ် အခွန်ဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နော်ထဲလယ်ဖောက ဆောင်ရွက်ပြီး ပဲခူးတိုင်း အခွန်ဦးစီးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ ခရိုင်မှူးများ၊ မြို့နယ်မှူးများ၊ အခွန်မှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်း သူ ၄၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(၄၇၂)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူအပ်သောဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	"ငဝန်မြစ်ကူး(မြို့ကွင်း)တံတား"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၅	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	သီချင်းကြီးပဒေသာ
၅း၀၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၅း၁၀	၈။	သတင်းကောင်
၅း၂၅	၉။	"ကမ္ဘာ့ဖလားပုံရိပ်များ"(အပိုင်း-၇)
၅း၃၅	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၄၅	၁၁။	တေးဂီတအစီအစဉ်
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၁၅	၁၃။	မိုးလေဝသအခြေအနေ
၆း၂၀	၁၄။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅	၁၅။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၅	၁၆။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၅	၁၇။	အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၂၂။	နိုင်ငံတော်အတွက် ထာဝရသစ္စာ [(စောမင်းနောင်နှင့် အဖွဲ့) တေးရေး-စန္ဒရားကွန်းဇော်)]
	၂၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ"(အပိုင်း-၅၅)**
	၂၄။	**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၈ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် "ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူ ရှုမဝ မြန်မာအမျိုးသမီးအလှ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ**
	၂၅။	အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဦးသိန်းညွန့် ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့ ပုသိမ်မြို့နယ် စမ်းကြီးကုန်း-ဝါးယားချောင်း ကျေးလက်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့သည် ယနေ့နံနက် ၇ နာရီတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စမ်းကြီးကုန်း-ဝါးယားချောင်း ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ စမ်းကြီးကုန်း-ဝါးယားချောင်း ကျေးလက်ကတ္တရာလမ်းသစ်သည် လမ်းအရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့သောလမ်းကို စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ၊ အဖွဲ့ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယခင် ဝါးယားချောင်းကျေးရွာသို့ ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းအတိုင်း သွားလာရာတွင် မိုးရာသီအတွင်း ရေလွှမ်းမိုးသဖြင့် အသုံးမပြုနိုင်သည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ စမ်းကြီးကုန်းကျေးရွာမှ ဝါးယားချောင်းကျေးရွာသို့ ဖောက်လုပ်ထားသည့်ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်နိုင်ခဲ့သည့်အတွက် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အချိန်တိုင်းအတွင်း သွားလာနိုင်ကြောင်း၊ စမ်းကြီးကုန်း၊ ဝါးယားချောင်း၊ ဇင်ပြွန်းကုန်းနှင့် ရွှေမြင်တင်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၂၅ ရွာနေ ဒေသခံပြည်သူများ အနေဖြင့် ယင်းလမ်းကို အသုံးပြုကာ ပုသိမ်မြို့သို့ လည်းကောင်း၊ နိုင်ငံတော် စီမံကိန်းဝင်စက်ရုံကြီးများဖြစ်သည့် ပုသိမ်မှန်စက်ရုံနှင့် ပုသိမ်ဓာတ်မြေသြဇာစက်ရုံများသို့ လည်းကောင်း အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သဖြင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြောင်းမြမြို့နယ် ကွယ်လွယ်-စက္ကော့ ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အဆင့်မြှင့်တင်

အဆိုပါ ကွယ်လွယ်-စက္ကော့ ကျေးလက်ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိပြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြောင်းမြမြို့နယ် သပြေချောင်ကျေးရွာအဝင် ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

အဆိုပါ သပြေချောင်ကျေးရွာအဝင် ကျေးလက် ကျောက်ချောလမ်းသစ်သည် လမ်းအရှည် ပေ ၄၅၀၀၊ အကျယ်ရှစ်ပေရှိပြီး မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းလမ်းသည် ယခင်မြေသားလမ်းသာဖြစ်ရာ မိုးရာသီအတွင်း ခက်ခဲစွာသွားလာခဲ့ရာမှ ယခုကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် သပြေချောင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော သမင်ခြံ၊ တောင်သာယာ၊ လှည်းဆိပ်၊ ဝဲဒေါင့်၊ ချောင်းဖျား၊ ကျုံမရမ်း၊ ပဒါပဒါ၊ ကံစုနှင့် ခနုံးချောင်းကျေးရွာများနေ ဒေသခံပြည်သူများအတွက် မြောင်းမြ-ရန်ကုန်ကားလမ်းမကြီးသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်၍ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာကေတမီးသတ် ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက် မွန်းတည့် ၁၂နာရီက မီးသတ်ဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူးတို့၏ ညွှန်ကြားချက်ဖြစ်သော နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ ဈေးများမီးလောင်မှုမဖြစ်ပွားစေရေးအတွက် ထပ်ဆင့်ရှင်းလင်းပွဲ ပြုလုပ်သည်။

ယင်းရှင်းလင်းပွဲသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ဈေးများမှ ဈေးတာဝန်ခံများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံစောလှိုင်က မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက ဈေးများမီးသတိမူရေးနှင့် ညွှန်ကြားချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်းသည်။

(အောက်ပုံ) (၅၃)

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇွန် ၂၉

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့် (၁၂) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများချိန်ကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းကို ဇူလိုင် ၁ ရက် မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၀)နှင့် (၁၁)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၁ မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံသည် ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်တိုင်အကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး(၁) ဦးနှင်းဦး ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Thai Food Fair နှင့် Food Processing Business Matching သို့ တက်ရောက်ရန်နှင့် Food Industries များရှိ စက်ရုံများကို လေ့လာရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းတို့မှ စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦး လိုက်ပါသွားကြသည်။

အဆိုပါလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၉

ကျောက်ဆည်အသင်း(ရန်ကုန်) နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် စတုတ္ထအကြိမ် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၇ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ အသင်းဓမ္မာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် ယခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရသား၊ သမီးများစာရင်းအား သက်ဆိုင်ရာ ကျောင်းထောက်ခံစာများနှင့်အတူ ဇူလိုင် ၁၂ ရက်အရောက် အသင်းရုံးဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အသင်းဝင်များနှင့် ကျောက်ဆည် နွယ်ဖွားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး(၁) ဦးနှင်းဦး ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Thai Food Fair နှင့် ဆက်စပ်ကျင်းပမည့် Food Processing Business Matching သို့ တက်ရောက်ရန်နှင့် Food Industries များသို့ လေ့လာရေး သွားရောက်ရန်အတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။ (ငါးလုပ်ငန်းအဖွဲ့ချုပ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)(၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၉

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဝါးခယ်မမြို့နယ်သားများ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားထားသည်။

အလှူပွဲတွင် အလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ပါဝင်လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အံ့ကျော်(ငြိမ်း) ဖုန်း-၅၄၉၃၀၁၊ ၅၅၆၂၅၄၊ ၀၉၅၁-၈၅၉၇၂၊ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၃၉၃၁၀၅၊ ၀၉၅၁-၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉၈၅-၃၇၀၉၂၊ အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(30-6)06.pmd 1 6/30/2010, 12:40 AM

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ မန္တလေးတိုင်းအတွင်းရှိ ကျေးရွာ ၅၀၀သို့ တိုးချဲ့ဖြန့်ဝေပေးအပ်

နေပြည်တော် ဇွန် ၂၉

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်သည့် မန္တလေးတိုင်း အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ တိုးချဲ့ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်ကြီးမြို့နယ်မှ ကျေးရွာ သုံးရွာနှင့် ကျောက်ဆည်မြို့နယ်မှ ကျေးရွာ တစ်ရွာတို့အတွက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ တိုးချဲ့ဖြန့်ဝေပေးအပ်ရာ ကျေးရွာများမှ တာဝန်ခံကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျောက်ဆည်မြို့နယ်မှ ကျေးရွာ နှစ်ရွာနှင့် တံတားဦးမြို့နယ်မှ ကျေးရွာ နှစ်ရွာတို့အတွက် ကိုယ်စားလှယ်များအား လည်းကောင်း၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်က မြစ်သားမြို့နယ် ကျေးရွာ နှစ်ရွာနှင့် မိတ္ထီလာမြို့နယ်မှ ကျေးရွာ နှစ်ရွာတို့အတွက် ကိုယ်စားလှယ်များအားလည်းကောင်း အရေးပေါ် တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ကျေးရွာ ကိုယ်စားလှယ်များထံသို့ အရေးပေါ် တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် အခမ်းအနား တက်ရောက်လာကြသော တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်မှ ကျေးရွာပေါင်း ၅၀၀သို့ ဒုတိယအကြိမ်အဖြစ် တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြန့်ဝေပေးအပ်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျောက်ဆည်မြို့နယ်မှ ကျေးရွာနှစ်ရွာနှင့် တံတားဦးမြို့နယ်မှ ကျေးရွာနှစ်ရွာတို့အတွက် ကိုယ်စားလှယ်များအား အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ တိုးချဲ့ဖြန့်ဝေပေးအပ်စဉ်။

(သတင်းစဉ်)

တန့်ယန်းမြို့ရှိ မန်ဆိုင်း မူလတန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်း ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

နေပြည်တော် ဇွန် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇွန် ၂၅ ရက်တွင် တန့်ယန်းမြို့ မန်ဆိုင်း အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၈၀ အတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန တန့်ယန်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူ ၂၂၂ ဦး အတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ သင်တန်းကျောင်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး သုံးဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မနန်းမြအောင် (ခ) မခင်နှင်းဆီအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး ကျောင်းသားအိပ်ဆောင်၊ စားရိပ်သာ၊ ရာသီသီးနှံပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးဖြစ်ထွန်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တန့်ယန်းမြို့ အမှတ်(၂) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၄၄၇ ဦးအတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

(သတင်းစဉ်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား KONRAN - ADEN-AUER- SIFTUNG ၏ Regional Programme Political Dialogue Asia /Singapore မှ Program Director Dr.Wilhelm Hofmeister သည် City University of Hong Kong, Political Science ဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ရင်လှိုင်နှင့်အတူ ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများဖလှယ်ရေးနှင့် အသင်းချုပ်၌ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်

SQUARE Pharmaceuticals Ltd. ၏ ENTACYD PLUS အရောင်းမြှင့်တင်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၉

ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ SQUARE Pharmaceuticals Ltd.မှ ထုတ်လုပ်သော ဆေးများကို မြန်မာနိုင်ငံ Olive Pharmaceuticals Ltd.က တင်သွင်းဖြန့်ဖြူးလျက်ရှိရာ ENTACYD PLUS အစာအိမ်ရောဂါပျောက်ဆေး အရောင်းမြှင့်တင်ခြင်းနှင့် မိုးရာသီမိတ်ဆုံစားပွဲ အခမ်းအနားကို ဇွန် ၂၇ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် SQUARE Pharmaceuticals Ltd. မှ Senior Manager Dr.Omar Rab က ENTACYD PLUS အစာအိမ်ရောဂါပျောက်ဆေး ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် အကျိုးအာနိသင်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ SQUARE Pharmaceuticals Ltd.က ထုတ်လုပ်သော ပိုးသတ်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ နှလုံးနှင့် သွေးကြောဆိုင်ရာဆေး၊ အရေပြားနှင့် ဆိုင်သောဆေး၊ ပန်းနာရင်ကျပ်ပျောက်ဆေး၊ မျက်စဉ်းဆေးနှင့် အားဆေးစသည့် အမျိုးပေါင်း ၁၅၀ ကျော်ကို Olive Pharmaceuticals Ltd. က တင်သွင်းဖြန့်ဖြူးလျက်ရှိရာ ဝယ်ယူလိုပါက Olive Pharmaceuticals Ltd. ဖုန်း - ၅၁၁၀၂၇၊ ၅၂၅၈၆၀၊ ၀၉-၅၀၂၀၁၁၇နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

မြိတ် ဇွန် ၂၉

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအဆင့်ကို မြိတ်မြို့ အထက(၁)တွင်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ကို မြိတ်တက္ကသိုလ်၌ လည်းကောင်း ဇွန် ၁၈ရက်က ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

☆ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည်တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်နေသည့် အချိန်ကာလတွင် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာစွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်သော ပညာရှင်များနယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေး လိုအပ်လျက်ရှိကြောင်း။

နှစ်ရှည်စီမံကိန်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံတကာအဆင့်မီအမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၀-၂၀၁၁ ပညာသင်နှစ်သည် ဒုတိယနှစ်တို(၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကာလသို့ရောက်ရှိ အကောင်အထည်ဖော်နေချိန်လည်း ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးသည် အခြေခံပညာကဏ္ဍ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ကြောင်း။

လုပ်ငန်းစဉ်များ

ထို့ကြောင့် အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ယခုပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သလို တစ်ဆက်တည်းမှာပင် အခြေခံပညာကျောင်းအသီးသီးတွင် ဝင်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစသည့် လုပ်ငန်းများကိုလည်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့်နည်းတူ ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာ ကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

သင်ယူမှု သင်ကြားမှုနယ်ပယ်တွင် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားနိုင်သည့် အီလက်ထရွန်နစ် နည်းပညာရပ်များကို အသုံးချခြင်းဖြင့် မြို့ပြနှင့်ကျေးလက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသရှိ စာသင်ကျောင်းများမှာပါ Multi Media Classroom များ ဖွဲ့စည်းထူထောင်ပေးလျက်ရှိကြောင်း။

အခုကဲ့သို့ အနာဂတ်နိုင်ငံတော်ကို ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေး ဖော်ဆောင်ရာတွင် အခြေခံအကျဆုံးကဏ္ဍမှ ပန္နက်ချပုံဖော်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ရော၊ ကျောင်းသား၊ ကျောင်းသူ တပည့်များကိုပါ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အားထုတ်ကြိုးပမ်းသွားမှသာ မြန်မာ့ပညာရေး မျှော်မှန်းချက် ပေါက်မြောက်အောင်မြင်မည်ဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက “ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် ဘာသာရပ်ဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်အောင် အစဉ်ဆည်းပူးလေ့လာနေကြရန်လိုသကဲ့သို့ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကိုလည်း အရေအတွက်မှ အရည်အချင်း ကူးပြောင်းပြီး ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေးပြည့်ဝသူများ ဖြစ်လာစေရန် သင်ကြားပေးသွားရန် လိုကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း” ဖြင့် လမ်းညွှန်မိန့်ကြားထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အခြေခံမှ စတင်ပုံသွင်းဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက်အလုပ်အကျွေးပြုသွားကြမည့် ထူးချွန်ထက်မြက်ပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့် အခြေခံပညာအဆင့်အလိုက် မိမိတို့၏ သင်ကြားမှုအရည်အသွေးများ ပြည့်ဝနေစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် အထူးပင်အရေးကြီးကြောင်း။

အရည်အသွေးမြှင့်တင်

ထို့ကြောင့် အခြေခံပညာအဆင့်အလိုက် သင်ကြားမှုအရည်အသွေး မြှင့်တင်ရေးအတွက် ဆရာ၊ ဆရာမများအား သင်ကြားရေးမွမ်းမံသင်တန်းများ၊ ဉာဏ်သစ်လောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့သည်သာမက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ၊ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာသင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများနှင့် မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ကလေးဗဟိုပြု

ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်ရာတွင်လည်း အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အတန်းအားလုံးတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများ ပြည့်ဝလာစေရေးအတွက် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားနိုင်ရေး၊ စစ်ဆေးတိုင်းတာမှုအပိုင်းမှာ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်စစ်ဆေးပေးနိုင်ရေး အလေးပေးဖော်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပီပီ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းကို အမျိုးသားရေးအသိနှင့် ယှဉ်တွဲပြီး လိုက်နာဖော်ဆောင်သွားကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် အဆင့်ဆင့် ညင်သာချောမွေ့စွာ တက်လှမ်းနိုင်စေရေး အတွက် မိမိတို့ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ကြိုးပမ်းရမည့် အမျိုးသားရေးတာဝန်များကို ပိုမိုသိမြင်လာစေရေး ဆည်းပူးလေ့လာသွားကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၃၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM	
၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	“ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်း” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃၂)**
၈း၃၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉း၀၀	မျက်စိရောဂါများအတွက် Myanmar Eye Centre
၉း၁၅	Activities In the City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၂၅	Activities In the City (SONY EXPO-2010 ၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ)
၁၀း၄၀	ဂမုန်းရေလျှောင်တမံ
၁၀း၅၀	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လေဆိပ်အကောက်ခွန်လုပ်ငန်း ဆောင်ရွက်မှုသိကောင်းစရာများ
၁၁း၁၅	မော်တင်စွန်းဆီသို့
၁၁း၄၀	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့် အားကစား)
၁၂း၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂း၃၀	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ် တို့တည်ရှိရာ
၁၂း၅၀	ခြင်အန္တရာယ်
၁း၀၀	“ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်း” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (အစွဲအလမ်းကြီးတာ ကောင်းတယ်၊ အစွဲအလမ်းမကြီးတာ ကောင်းတယ်)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃၂)**
၄း၀၅	Activities In the City (SONY EXPO-2010 ၏ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာပြပွဲ)
၄း၂၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancyware)
၄း၃၅	Industrial Talk
၅း၁၀	မျက်စိရောဂါများအတွက် Myanmar Eye Centre
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆း၄၅	ဗီဒီယိုပြခန်း
၇း၀၀	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန လေဆိပ်အကောက်ခွန်လုပ်ငန်း ဆောင်ရွက်မှုသိကောင်းစရာများ
၇း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၇း၄၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (XYLO Fancyware)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အစွဲအလမ်းကြီးတာ ကောင်းတယ်၊ အစွဲအလမ်းမကြီးတာ ကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃၂)**
၁၀း၀၀	Activities In the City (တွဲလက်ညီညာစုစည်းလို့ စွမ်းရည်မြှင့်တင်ကြပါစို့)
၁၀း၁၅	Sports World
၁၀း၄၀	အမှန်ထင်နေသောအမှား (ခန့်စည်သူ၊ အေးမြတ်သူ၊ ဌက်ပျောကြော်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၅	ဗီဒီယိုပြခန်း
၁၁း၃၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၁၁း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇလွန်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

ဇလွန် ဇွန် ၂၉

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၁ ရက်က ဇလွန်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း **(အပေါ်ပုံ)**က ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးသူများ၊ အနှေးယာဉ်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်အလက်များ၊ ဟင်္သာတခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ထွန်းအောင်ချိုက ယာဉ်တိုက်မှုဖြစ်စဉ်များနှင့် လက်ရှိအရေးယူ ဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်များနှင့်တကွ ဟောပြောပို့ချခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ကြသည်။

(ခရိုင်ကညန)

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ဝတ်စုံများပေးအပ်

အောင်ပန်း ဇွန် ၂၉

အောင်ပန်းမြို့ နိုင်-မျိုး ရောင်းဝယ်ရေးကုမ္ပဏီ ဝန်ထမ်းမိသားစုက လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းသား၊ ကျောင်းသူ ၈၃ ဦးအား တန်ဖိုးငွေကျပ် ၂၉၀၅၀၀ ရှိ ကျောင်းဝတ်စုံ ၈၃ စုံ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါဂေဟာ၌ ဇွန် ၁၉ ရက်က ကျင်းပရာ ညောင်ပင်တောင်ရပ်ကွက် အဖွဲ့ဥက္ကဋ္ဌနှင့် ဂေဟာမှူး ဆရာမကြီး ဒေါ်မြရွှေတို့က အမှာစကားပြောကြားကြပြီး ဝတ်စုံများကို စေတနာရှင်များက ပေးအပ်ခဲ့သည်။

(၂၄၉)

ကော့မှူးမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ စုပေါင်း၍ ဘုရားလမ်းရပ်ကွက် ရေမြောင်းများအတွင်း အမှိုက်များ၊ လမ်းဘေးဝဲ၊ ယာ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(30-6)08.pmd 1 6/30/2010, 12:02 AM

ဝန်ကြီး ဦးဌေးဦးအား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergei Aleinik ဦးဆောင်သော အဖွဲ့သည် ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ၎င်းတို့ ထုတ်လုပ်သော လယ်ယာသုံး စက်ကိရိယာများ၊ ပိုတက်ရှ်မြေသြဇာများနှင့် စပ်လျဉ်းသည်များကို Power Point ဖြင့် ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergei Aleinik ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ဥယျာဉ်ကလည်း မရောက်ရောက်ဖြစ်အောင် ဆွဲဆောင်နေသေးသည်။

ခရီးစဉ်အတွင်း အဓိက လေ့လာစရာကမူ ဒေသ၏စီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းပင်။ သို့မို့ကြောင့် ကျွန်တော်တို့သည် မြို့နယ်မထသလုပ်ငန်းမှ စီစဉ်ပေးသော ဂျစ်ကားဖြင့် လှည့်လည်သွားရောက်ခဲ့ကြသည်။

ဒီဒေသမှာ အရင်က စပါးဟူလို့ မကြားဖူးပါဘူး။ ငွေချိုဆည်ကြီးပြီးမှ စိုက်ပျိုးနိုင်ခြင်း ဖြစ်ပါတယ်။

မြေလက်အညာဒေသတွင် နွေစပါးများကား နေခြည်မှာ ရွှေရည်လောင်းလျက်၊ ယခင့်ယခင်က စပါးသီးနှံ မစိုက်ပျိုးနိုင်သောဒေသတွင် စပါးခင်းများက ဝါဝင်းလျက်၊ မိုးစပါးများကမူ စိမ်းစိမ်းစိုစိုဖြင့် မျက်စိပသာဒရှိလှ၏။

မကွေးတိုင်း ပခုက္ကူခရိုင်သည် ပူးပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားဒေသဖြစ်ရာ နိုင်ငံတော်အကြီးအကဲက ပခုက္ကူဒေသဆန်ဖူလုံရေးအတွက် ရေရရှိနိုင်သော အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပခုက္ကူခရိုင်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိစေရန် ဆည်ငယ်၊ ကန်ငယ် ၇၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

စိုက်ပျိုးရေဖူလုံစွာရရှိရေးအတွက်မူ ပခုက္ကူမြို့ရှိ ရွှေတန့်တစ်၊ ကုက္ကိုလှနှင့်ကြီးရွာ၊ ရေစကြိုမြို့နယ်ရှိ အထက်ပခန်းငယ် (ချစ်သူ၊ သင့်သည်၊ သမန္တပို့)၊ မင်းရွာ၊ မအူအောက်ဆိပ်၊ ဝါယာ-သာစည်နှင့် ရွှေချောင်း၊ ပေါက်မြို့ရှိ ရေပြာနှင့် စံဖဲ၊ ဆိပ်ဖြူမြို့ရှိ ဆိပ်ဖြူအောက်ဆိပ်အပါအဝင် လျှပ်စစ်မြစ်ရေတင်စခန်း ၁၃ ခုကလည်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ယောချောင်းတို့မှ ရေအရင်းအမြစ်များကို ရယူ၍ ဧက ၃၀၀၇၀ ကို အကျိုးပြုပေးလျက်ရှိသည်။

လေ့လာရေးခရီးစဉ်အတွင်း လယ်မြေ ဧက ၅၀၀၀ စီကို အကျိုးပြုနိုင်သော ရွှေတန့်တစ်နှင့် ကြီးရွာလျှပ် စစ်မြစ်ရေတင်စခန်း၊ ဧက ၄၀၀ ကို အကျိုးပြုနိုင်သည့် ငွေချိုဆည်တို့ကို သွားရောက်လေ့လာဖြစ်ခဲ့သည်။

မြစ်ရေတင်စခန်းနှင့် ဆည်တမံတို့အနီးဝန်းကျင်တစ်ခို၌ မြေကြီးမှ ရွှေသီးသို့နှယ် စပါးပင်များက မှည့်ဝင်းလျက် အချို့စပါးတို့ကား စိမ်းစိုလျက်။

ရွှေတန့်တစ် လျှပ်စစ်မြေရေတင်လုပ်ငန်းမှ ဦးစီးအရာရှိ ဦးကြည်အေးမင်းက "ယခင်က ဤမြေမှာ သဲမြေဖြစ်ပြီး မြစ်ရေတင်ကြောင့် နုန်းတင်၍ လယ်မြေပုံစံဖြစ်လာကြောင်း၊ နွေနှင့် မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးကြပြီး ဆောင်းတွင်း၌ ဆောင်းသီးနှံ စိုက်ပျိုးကြကြောင်း၊ ယခင်က မိုးမျော်၍ တစ်သီးသာ စိုက်ပျိုးနိုင်ကြောင်း" ဖြင့် ပြောကြားသည်။

ကွန်းရွာကျေးရွာအုပ်စုမှ တောင်သူ ဦးမောင်နိုင်နှင့် ဦးအောင်မင်းတို့ကလည်း "ကျေးရွာအုပ်စုတစ်ခုလုံး မြစ်ရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးကြကြောင်း၊ ယခင်က ပြောင်း၊ နှမ်း၊ ပဲတီစိမ်းထဲက တစ်သီးသာ စိုက်ပျိုးနိုင်ကြောင်း၊ ယခုနွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ ကုလားပဲနဲ့ နေကြာအပါအဝင် သုံးသီး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း"ဖြင့် အားရဝမ်းသာ ပြောကြားသည်။

ငွေချိုဆည်အနီးရှိ ငွေချိုကျေးရွာမှ တောင်သူဦးဝင်းမောင်က "ဤဒေသတွင် ယခင်က စပါးဟူ၍ မကြားဘူးကြောင်း၊ ဆည်ကြီးပြီးမှ စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း၊ ယခုနှစ် တစ်ဧကတင်း ၁၀၀ ကျော် မှန်းထားကြောင်း၊ နောင်နှစ် မိုးစပါးရာသီတွင် ရက် ၉၀ စပါးမျိုး စိုက်ပျိုးမည်ဖြစ်ကြောင်း" ဆိုသည်။

ဆည်မြောင်းဦးစီးဌာန (ပခုက္ကူခရိုင်) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမောင်မောင်လွင်က "ငွေချိုဆည်သည် ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင် ပါဝင်သော ဆည်တမံ၊ ဆည်ငယ်၊ ကန်ငယ် ၇၁ ခုတွင် တစ်ခု ပါဝင်ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရာသီတွင် ဧက ၄၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း" ပြောကြားသည်။

ပခုက္ကူခရိုင်သည် မိုးခေါင်ရေရှားဒေသ ဖြစ်သော်လည်း လျှပ်စစ်မြစ်ရေတင်များ၊ အစိုးရဆည်၊ ကန်၊ ဆည်ငယ်၊ ကန်ငယ် စုစုပေါင်း ၁၉၄ မှ စိုက်ပျိုးရေပေးဝေနိုင်၍ ၅၆၂၈၈ ဧက ကို အကျိုးပြုနိုင်ပြီဖြစ်သည်။

သို့ဖြစ်၍ ယခင်က စပါးမစိုက်နိုင်သော ပခုက္ကူခရိုင်၌ နွေစပါးကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧက ၁၁၆၉၀၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၂၃၃၈ ဧက စိုက်ပျိုးနိုင်ခဲ့၏။ မိုးစပါးကိုမူ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဧက ၁၃၁၂၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးရာသီတွင်မူ ၁၃၁၄၈၆ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

လေ့လာရေးခရီးစဉ်အတွင်း မြင်တွေ့ကြားသိရသမျှကို ခြုံ၍ဆိုရသော် ဧရာအနောက်မြို့တော် ပခုက္ကူနှင့် ဧရာဝတီမြစ်အနောက်ခြမ်း ဒေသများသည် ပစ္စက္ခတွင် ယခင်နှင့်မတူ ပို၍ပို၍ သာလွန်ဖွံ့ဖြိုးတိုးတက်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြစ်ရေတင်စီမံကိန်းများမှ ရေများဖြင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးများက ရွှေဝါရောင်သန်းလျက်...။

ပခုက္ကူမြို့ရှိ မြကန်သာ အပန်းဖြေဥယျာဉ်ကို အပန်းဖြေချင်စဖွယ်ဖြစ်အောင် ဤသို့ သာယာလှပစွာ ပြုလုပ်ပေးထားသည်။

ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ကယားပြည်နယ် ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

ကယားပြည်နယ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်သည် ဇွန် ၂၂ ရက်တွင် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပန်ကန်းကျေးရွာနှင့် နမ့်ဘော်ဝမ်ကျေးရွာ ဆက်သွယ်သည့် အလျားပေ ၃၄၀၀၊ အနံ ၁၂ ပေရှိ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကို လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် အလျားပေ ၃၀၀၀၊ အနံ ၁၀ ပေရှိ ဆန်းဘွန်း ကျေးရွာနှင့် လွိုင်ကော်မြို့သို့ ဆက်သွယ်သော ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ချောင်းဆုံ ဇွန် ၂၉

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဇွန် ၂၀ ရက်က မြို့မအမှတ်(၁) ဈေးရှေ့ရှိ ရေမြောင်းတူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းကို အဖွဲ့သန့်ရှင်းရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးရဲဝင်းက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်

မြောင် ဇွန် ၂၉

စစ်ကိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် မြောင်မြို့နယ် ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘဆန်းက အဖွင့်အမှာစကားပြောကြားသည်။

အောင်မြင်ပြီးမြောက်

ထို့နောက် စစ်ကိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်ကြသော ဦးရဲထွဋ်၊ ဦးကြည်ညွှန့်၊ ဦးတိုးဝေတို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ဖြစ်ကြသည့် ဦးတင်စိန်၊ ဦးကြည်တင်၊ ဦးမြရှိန်၊ ဦးသိန်းလွင်၊ ဦးသိန်းတို့က လွှတ်တော်သုံးရပ် ဥပဒေ၊ နည်းဥပဒေများနှင့် မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း ဆိုင်ရာလုပ်ငန်းစဉ်များကို အသီးသီး ဆွေးနွေးပို့ချပြီး သင်တန်းတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းကာ ညနေ ၃ နာရီခွဲတွင် အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်/ကျေးရွာပေါင်း ၂၅ ခုတို့မှ ကော်မရှင် အဖွဲ့ခွဲဝင်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ စုစုပေါင်း ၂၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ရက်ကြာမြင့်ကြောင်း သိရသည်။

ထို့အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ကျေးရွာအုပ်စုအဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ ရက်တိုသင်တန်းကို မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ (အထကခွဲ) ကျောင်းခန်းမတွင် ဇွန် ၂၇ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် ၁၃၅ ဦးနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၆၈ ဦး စုစုပေါင်း ၂၀၃ ဦးတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ကြံခင်းမြို့နယ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ဇွန် ၂၀ ရက်က ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၂၃/၂)အနီး ပေါက်နွယ်စမ်းကျေးရွာ၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင် စိုက်ပျိုးပွဲတော်ကို ကျင်းပရာ ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသန်း၊ သစ်တောဦးစီးအရာရှိ ဦးအေးဝင်းနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ကျေးလက်ပြည်သူ စုစုပေါင်း ၅၅၀ တက်ရောက် စိုက်ပျိုးခဲ့ကြကြောင်း၊ ကြံခင်းမြို့နယ်အတွင်း ၂၀၁၀ ခုနှစ် မိုးရာသီအတွင်း ဇွန် ၂၀ ရက်အထိ ကျွန်းပင်ပေါင်း ၅၅၀၀၀၊ သစ်မာယူကလစ်ပင်ပေါင်း ၁၈၆၀၀၀ စုစုပေါင်း ၂၄၁၀၀၀ ကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ဆက်လက်ပြီးပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ကြံခင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းအနီး ပေါက်နွယ်စမ်းကျေးရွာ၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာ အပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင် စိုက်ပျိုးပွဲကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

09.pmd 1 6/30/2010, 1:00 AM

အငယ်တန်း ကာယဗလမောင်/ ကာယအလှမယ် ပြိုင်ပွဲနှင့် ဆုပေးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန်   ဇွန်   ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဇွန် ၂၈ ရက်တွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ပညာရေးကောလိပ်များ၏ အငယ်တန်းကာယဗလမောင်/ကာလအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်အားပေး

ပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ပညာရေးကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အငယ်တန်းကာယဗလ မောင်/မယ်များ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် အငယ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလားအသင်းလိုက်နှင့် တစ်ဦးချင်းစစ်တုရင်ပြိုင်ပွဲဖွင့်ပွဲတွင် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်က စစ်တုရင်ပထမဆုံး ရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (မြန်မာနိုင်ငံအိုလံပစ်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်   ဇွန်   ၂၉

၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင် ပထမဦးဆုံး ရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို ဇူလိုင် ၉ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါရာဂွေးအသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကွာတားတက် ချီလီကိုဂိုးပြတ်ဖြင့်နိုင်သည့် ဘရာဇီး ကွာတားတွင်နယ်သာလန်နှင့်ဆုံမည်

ဝင်းတင် (ကြေးမုံ)

ဂျိုဟန်နက်စဘတ်   ဇွန်   ၂၉

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းရှုံးထွက်ပွဲစဉ်အဖြစ် တောင်အမေရိကဇုန်က ပါရာဂွေးနဲ့ အာရှက ဂျပန်တို့ ယနေ့ည ယှဉ်ပြိုင်ကစားကြရာ ပါရာဂွေးက ပယ်နယ်တီအဆုံးအဖြတ်နဲ့ ကွာတားဖိုင်နယ်သို့ တက်နိုင်ခဲ့ပါတယ်။

ပါရာဂွေး ၅-၃ ဂျပန် (ပယ်နယ်တီ)

ပါရာဂွေးမှာ ကာနီဇာပါဝင်နိုင်ခြင်း မရှိပေမယ့် ဆန်တာခရုဇ်၊ ဘင်နီတက်ဇ်၊ ဗီရာ၊ အော်တီဂိုဇာ၊ ဘွန်နက်၊ ဗီရွန်၊ မိုရယ်လ်တို့နဲ့ လူစုံခဲ့ပြီး ဂျပန်က မတ်ဆူး၊ ဟွန်ဒါ၊ အိုကူဘူ၊ ဟာဆီဘီ၊ တာနာကာ၊ နာဂါတိုမိုတို့နဲ့ ပွဲထွက်လာခဲ့ပါတယ်။

ပထမပိုင်းမှာ ပါရာဂွေးက ကစားကွက် အနည်းငယ် အသာစီးရယူနိုင်ခဲ့ပေမယ့် ဂျပန်ဂိုးပေါက်ကို ထိထိရောက်ရောက် ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ပွဲချိန် ၂၁ မိနစ်မှာ မတ်ဆူးရဲ့ အဝေးကန်ချက် ဂိုးဘားတန်းထိခဲ့တာကြောင့် ဂျပန်တို့ တစ်ဂိုးနစ်နာခဲ့ရသလို ၃၉ မိနစ်မှာ မတ်ဆူးရဲ့ ပေးပို့မှုကို ဟွန်ဒါကန်သွင်းပေမယ့် ဂိုးပေါက်လွဲချော်ခဲ့ရတာကြောင့် ဂျပန်တို့ ဂိုးရနိုင်တဲ့အခွင့်အရေးများ ဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယပိုင်းမှာ ပါရာဂွေးကဘင်နီတက်ဇ်အစား ဗဲလ်ဒက်ဇ်၊ အော်တီဂိုဇာအစား ဘာရီတို၊ ဂျပန်က မတ်ဆူးအစား အိုကာဇာကီတို့ကိုထည့်သွင်းပြီး တိုက်စစ်မြှင့်ခဲ့ပေမယ့် တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းနိုင်ခြင်းမရှိဘဲ ပွဲကစားချိန် မိနစ် ၉၀ ကို သရေနဲ့သာပြီးဆုံးစေခဲ့ပါတယ်။ဒါကြောင့် အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာ သရေဖြစ်နေတာကြောင့် ပယ်နယ်တီအဆုံးအဖြတ် ကန်ခဲ့ရပါတယ်။ ပယ်နယ်တီကန်ရာမှာ ပါရာဂွေးမှ ဘာရီတို၊ ဘာရီရော့စ်၊ ရီဗာရော့စ်၊ ဗဲလ်ဒက်ဇ်နဲ့ ကာဒိုဇိုတို့ ဂိုးဝင်အောင်ကန်နိုင်ခဲ့ပြီး ဂျပန်က အန်ဒို၊ ဟာဆီဘီနဲ့ ဟွန်ဒါတို့ ဂိုးဝင်ခဲ့သော်လည်း ကိုမာနိုရဲ့ ကန်သွင်းချက် ဂိုးမဝင်ခဲ့တာကြောင့် ပါရာဂွေးက ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

ဘရာဇီး ၃-၀ ချီလီ

အင်္ဂါနေ့ နံနက်ပိုင်းက ၁၆ သင်းရှုံးထွက်ပွဲစဉ်အဖြစ် တောင်အမေရိကဇုန်အသင်းများဖြစ်တဲ့ ဘရာဇီးနဲ့ ချီလီတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဘရာဇီးဟာ ချီလီအပေါ် ကစားကွက် သိသိသာသာ အသာစီးရယူနိုင်ခြင်း မရှိခဲ့ပေမယ့် ဘရာဇီးကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်က ချီလီထက်သာခဲ့ပါတယ်။

ပထမပိုင်း ၃၅ မိနစ်မှာ ဘရာဇီးညာနောက်ခံလူမိုင်ကွန် ညာထောင့်ကန်ဘောကန်တင်ပေးတာကို ဘရာဇီးနောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဂျူအန်က ခေါင်းတိုက်ပြီး အဖွင့်ဂိုးရယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလိုပဲ ၃၈ မိနစ်မှာ ဘယ်ခြမ်းမှ ရော်ဘင်ဟိုက ကာကာကိုပေးရာ ကာကာဂိုးရှေ့ အသာထိုးပေးတာကို တိုက်စစ်မှူး ဖေဘီယာနိုရသွားပြီး ဂိုးသမားကိုပါလိမ်ကာ ကန်သွင်းနိုင်ခဲ့လို့ ဘရာဇီးဒုတိယဂိုးထပ်မံရရှိခဲ့ပါတယ်။ ၅၉ မိနစ်မှာ ဘယ်တောင်ပံမှာ ခြေစွမ်းပြနေတဲ့ ရော်ဘင်ဟိုက ဘရာဇီးအတွက် အနိုင်သေချာစေတဲ့ တတိယဂိုးကို သွင်းပေးနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ဘရာဇီးက ချီလီကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို ဘရာဇီးကစားသမား ဂီဘာတိုဆေးလ်ဗား ရရှိသွားပါတယ်။ ချီလီကို အနိုင်ရခဲ့တဲ့ ဘရာဇီးဟာ ကွာတားဖိုင်နယ်မှာ နယ်သာလန်နဲ့ ဆုံတွေ့ရတော့မှာဖြစ်ပါတယ်။

ဘရာဇီးအတွက် တတိယဂိုးကို ရော်ဘင်ဟိုသွင်းယူစဉ်။

မြို့နယ်ပြည်သူ့ဆေးရုံသို့ လေအေးစက်လှူဒါန်း

ရေစကြို   ဇွန်   ၂၉

မကွေးတိုင်း ရေစကြိုမြို့နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ သစ်လုပ်ငန်းရှင်များအဖွဲ့မှ မြို့နယ်ပြည်သူ့ဆေးရုံသို့ လေအေးစက် နှစ်လုံး လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက်တွင် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ သစ်လုပ်ငန်းရှင်များ အဖွဲ့ဥက္ကဋ္ဌ ဦးဖိုးလင်းနှင့် အဖွဲ့ဝင် ဦးစိန်တို့က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းထံ တစ်လုံးလျှင် ၅၁၇၀၀၀ တန် CHIGO အမျိုးအစား လေအေးပေးစက် နှစ်လုံးကို လွှဲပြောင်းပေးအပ် လှူဒါန်းသည်။ (၃၇၄)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သာမန်မီး၊ စက်သုံးဆီမီး၊ ဓာတ်ငွေ့မီး၊ ဝါယာမီးများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းလက်တွေ့ အသုံးပြုပုံကို ဇွန် ၂၂ ရက်က လက်တွေ့သရုပ်ပြသစဉ်။ (မြို့နယ်စည်ပင်)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

2010 FIFA WORLD CUP SOUTH AFRICA

နိုင်ငံတကာ ဘောလုံးအားကစားပြိုင်ပွဲများအနက် (၄)နှစ်လျှင်တစ်ကြိမ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများမှာ ကလေး၊ လူငယ်၊ လူကြီး၊ ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ လူတန်းစားမရွေး၊ အသက်အရွယ်ကြီးငယ်မရွေး လူအကြိုက်အများဆုံးနှစ် စိတ်ဝင်စားမှုအရှိဆုံး ဘောလုံးပွဲစဉ်များ ဖြစ်သည့်အားလျော်စွာ ၁၉၉၈ခုနှစ် ပြင်သစ်နိုင်ငံနှင့် ၂၀၀၆ခုနှစ် ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဖလားဘောလုံးပွဲများကို ထုတ်လွှင့် ပြသခဲ့သည့်နည်းတူ ယခု ၂၀၁၀ ပြည့်နှစ် ၊ ဇွန်လ(၁၁)ရက်မှ ဇူလိုင်လ (၁၂)ရက်နေ့အထိ တောင်အာဖရိကနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 2010 FIFA World Cup ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို နိုင်ငံတကာရှိ အခြားနိုင်ငံများနည်းတူ မြန်မာဘောလုံးဝါသနာရှင် အားကစားပရိသတ်များအနေဖြင့်လည်း ရုပ်မြင်သံကြားစက်ရှိရုံမျှဖြင့် မည်သည့်အပိုဆောင်းကုန်ကျစရိတ်မရှိဘဲ ကြည့်ရှုခံစားနိုင်စေရန်အတွက် Live (တိုက်ရိုက်)တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်များကို Free to Air စနစ်ဖြင့် ထုတ်လွှင့်ပြသသွားရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည် ။ သို့သော်လည်း စက်မှုပိုင်းဆိုင်ရာအခက်အခဲများကြောင့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲ အုပ်စုပတ်လည် ပွဲစဉ်များအနက်မှ ပွဲစဉ်အချို့ကို ထုတ်လွှင့် ပြသနိုင်ခြင်းမရှိခဲ့ပါ ။

ယခုအခါ လိုအပ်သည့်စက်မှုပိုင်းဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ပြီးစီးပြီးဖြစ်သည့်အတွက် မြန်မာဘောလုံးဝါသနာရှင် အားကစားပရိသတ်များ အထူးနှစ်ခြိုက်အားပေး စောင့်မျှော် ကြည့်ရှုကြမည့် ကမ္ဘာ့ဖလားအသင်းလိုက်ဖွဲ့ထွက်ပွဲစဉ်များ(Round-16)ပွဲစဉ်များမှ ကွာတားဖိုင်နယ် ၊ ဆီမီးဖိုင်နယ်နှင့် နောက်ဆုံး ဖိုင်နယ်ဗိုလ်လုပွဲစဉ်များအထိ ကမ္ဘာ့ဖလားဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်များကို မိုးဆန်းပန်းမီဒီယာနှင့် Yangon Entertainment တို့မှ ပူးပေါင်းကာ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားမှ စီစဉ်တင်ဆက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ သတင်းကောင်းပါးအပ်ပါသည် ။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲ ဆက်လက်ထုတ်လွှင့်ပြသသွားမည့်ပွဲစဉ်များ

SR. NO.	DATE	DAY	TIME	TEAM	FIFA MATCH NO.	STATION MWD	STATION MRTV
ROUND OF 16							
1	26-6-2010	SATUARDAY	20:30	URUGUAY VS KOREA REPUBLIC-KO	49	✓	
2	27-6-2010	SUNDAY	01:00	USA VS GHANA	50	✓	
3	27-6-2010	SUNDAY	20:30	GERMANY VS ENGLAND	51	✓	
4	28-6-2010	MONDAY	01:00	ARGENTINA VS MEXICO	52	✓	
5	28-6-2010	MONDAY	20:30	NETHERLANDS VS SLOVAKIA	53	✓	
6	29-6-2010	TUESDAY	01:00	BRAZIL VS CHILE	54	✓	
7	29-6-2010	TUESDAY	20:30	PARAGUAY VS JAPAN	55	✓	
8	30-6-2010	WEDNESDAY	01:00	SPAIN VS PORTUGAL	56	✓	
QUARTER FINALS							
9	02-7-2010	FRIDAY	20:30	WINNER 53 VS WINNER 54	57	✓	
10	03-7-2010	SATURDAY	01:00	WINNER 49 VS WINNER 50	58	✓	
11	03-7-2010	SATURDAY	20:30	WINNER 52 VS WINNER 51	59	✓	
12	04-7-2010	SUNDAY	01:00	WINNER 55 VS WINNER 56	60	✓	
SEMI FINALS							
13	07-7-2010	WEDNESDAY	01:00	WINNER 57 VS WINNER 58	61	✓	✓
14	08-7-2010	THURSDAY	01:00	WINNER 59 VS WINNER 60	62	✓	✓
PLAY-OFF 3RD & 4TH THIRD PLACE							
15	11-7-2010	SUNDAY	01:00	LOSER 1 VS LOSER 11	63	✓	✓
FINALS							
16	12-7-2010	MONDAY	01:00	WINNER 1 VS WINNER 2(FINAL MATCH)	64	✓	✓

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်(၃)၊ အခန်း(၁၀၃)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ၏ အလံပုံစံ

အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် သုည ဒသမ ၆၃ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၀ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၀၁ လက်မနှင့် မကွေးမြို့တွင် သုည ဒသမ ၉၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၃၀ ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်) ၉၃ ဒီဂရီဖာရင်ဟိုက်		၂၈-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ ၀ ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၂၉-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၂၉-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	သုည ဒသမ ၆ နာရီခန့်	၂၈-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၆-၂၀၁၀	၁၀ မမ(၀. ၄၀ လက်မ)	၂၅ မမ(၀. ၉၈ လက်မ)	၃၀ မမ(၁. ၁၈ လက်မ)
၁-၁-၂၀၁၀ မှ	၇၃၆ မမ	၈၃၆ မမ	၈၉၅ မမ
ယနေ့အထိ	(၂၈. ၉၈) လက်မ	(၃၂. ၉၁) လက်မ	(၃၅. ၂၄) လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၆-၂၀၁၀ ရက် ၉း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

Yokohama Battery များ Eagle Enterprise Ltd. က တင်သွင်းဖြန့်ချိရောင်းချ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ၏ ဘက်ထရီဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော Yokohama Battery မှာ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီ အသိအမှတ်ပြု ISO 9001: 2000 & ISO 14001: 2004 လက်မှတ်ရရှိထားပြီး ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာဖြင့် မလေးရှားနိုင်ငံတွင် ထုတ်လုပ်ထားကြောင်း၊ ရာခိုင်နှုန်းပြည့် သန့်စင်သော ခဲသတ္တုများကို အမေရိကန်နိုင်ငံမှ တင်သွင်းလာသော Auto continuous machine စက်သစ်ကြီးဖြင့် မလေးရှားနိုင်ငံတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

Yokohama Battery ၏ အားသာချက်မှာ Battery အတွင်းရှိ ခဲပြားများကို Envelope Type ဖြင့် ထည့်သွင်းထားသည့်အတွက် Internal Shock ဖြစ်ခြင်းမှ ကာကွယ်နိုင်ရုံသာမက အဖုံး အမ Shock ဖြစ်လျှင်လည်း Battery အိုးပေါက်ကွဲသည့် အန္တရာယ်မဖြစ်အောင် ကာကွယ်ပေးသည်။ Battery အိုး အသုံးပြုသူများအနေဖြင့် Battery ကို အားကုန်အောင် မသုံးသင့်သလို Over Charging မဖြစ်အောင်လည်း အထူးဂရုစိုက်အသုံးပြုရန် လိုအပ်သည်။

မလေးရှားနိုင်ငံ TAI-KWONG YOKOHAMA BATTERY INDUSTRIES SDN BHD က ထုတ်လုပ်သော Battery အိုး အမျိုးမျိုးနှင့် အခြားထုတ်ကုန်များအတွက် မြန်မာနိုင်ငံ ဈေးကွက်တစ်ဦးတည်း အရောင်းကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့ရှိ EAGLE ENTERPRISE LTD. ဖုန်း- ၆၈၅၅၁၅ နှင့် ၆၈၁၉၄၂ အားတရားဝင် ခန့်အပ်ထားပြီး ၂၀၀၈ ခုနှစ်မှစ၍ Yokohama Battery များကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

EAGLE ENTERPRISE LTD. က တိုက်ရိုက်ဖြန့်ဖြူးရောင်းချထားသော အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် Yokohama Battery များကို ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မေ ၁၈ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၁)ရပ်ကွက် သနပ်ခါးတောလမ်း၌ မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အပွဲ့ပိုင်ရေပေးရေး စစ်ဆေး

ရွှေကူ ဇွန် ၂၉

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိပြီးသော အမှတ်(၄)ရပ်ကွက် အထက(၁)ကျောင်းရှေ့ ရေစက်ရုံ၊ ရေကန်မှ ရေဖြန့်ဖြူးထားရှိမှုကို ဇွန် ၁၅ က စစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် သန်လျင်မြို့နယ်အတွင်းရှိ လက်ယက်စမ်းကျေးရွာအုပ်စု ထားမလုံကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းအား စင်ကာပူရောက် မြန်မာများနှင့် Winner သောက်ရေသန့်မိသားစုက လှူဒါန်းသည့် စက်ရေတွင်းတူးဖော်လျက်ရှိရာသို့ အလှူရှင်များနှင့်အတူ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့ ဇွန် ၂၆ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာသော ဧရာဝတီအနောက်ခြမ်းဒေသ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - သာညွှန့်(သတင်းစဉ်) အဆင်အပြင် - ခိုင်သန္တာရွှေ

ရခိုင်ပြည်နယ်... ဖော်ပြ

ဧရာအနောက်ခြမ်းမြို့တော် ပခုက္ကူမြို့သို့ရောက်ခိုက် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို အချိန်ယူ၍ လေ့လာဖြစ်ခဲ့သည်။

ဧရာဝတီအနောက်ခြမ်းဒေသ ပခုက္ကူခရိုင်သည် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်တို့ ပါဝင်ပြီး ဧရိယာစတုရန်းမိုင် ၃၂၀၅ ဒသမ ၄၀ ရှိကာ လူဦးရေအားဖြင့် ၁၄၉၄၀၀၀ရှိသည်။

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ခရိုင်ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်တော်တို့သည် လေ့လာရေးခရီးကို စတင်ခဲ့ကြသည်။ ကြည့်ရှုလေ့လာဖွယ်ရာများမှာ များပြားလှသည်။

ဧရာအနောက်ခြမ်းမြို့တော် ပခုက္ကူမြို့တစ်မြို့တည်းမှာပင် စက်မှုဇုန်နှင့်စက်ရုံ၊ အလုပ်ရုံများ၊ လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့ကလည်း အစီအရီဖြင့် အချိန်ယူလေ့လာရသည်။ မြို့လယ်ရှိ မြကန်သာအပန်းဖြေ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

လျှပ်စစ်မြစ်ရေတင်

လယ်မြေဧက ၅၀၀၀ စိုက်ပျိုးရေ ရရှိရေးအတွက် ကြီးရွာလျှပ်စစ်မြစ်ရေတင်စခန်းမှ ပိုက်လိုင်းကြီးများဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေကိုတင်ယူနေစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၆-၂၀၁၀

နေပြည်တော်(သပြေကုန်း)	သုည	ဒသမ	၆၃	လက်မ
ထားဝယ်	၃	ဒသမ	၁၀	လက်မ
ဘီးလင်း	၂	ဒသမ	၇၆	လက်မ
ကော့သောင်း	၂	ဒသမ	၃၆	လက်မ
မြောက်ဦး	၂	ဒသမ	၂၈	လက်မ
သံတွဲ	၂	ဒသမ	၀၁	လက်မ
မကွေး	သုည	ဒသမ	၉၀	လက်မ

(30-6)20.pmd 1 6/30/2010, 12:02 AM